# ၈၈ မျိုးဆက်ဒီမိုကရေစီပါတီ

# ပါတီဖွဲ့စည်းပုံစည်းမျဉ်း

## နိဒါန်း

ကျွန်ုပ်တို့ မှီတင်းနေထိုင်လျှက်ရှိသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ အမည်ရှိ နိုင်ငံတော် ကြီးတွင် ပြည်ထောင်စုနွယ်ဖွားတို့သည် သမိုင်းစဉ်အဆက်ဆက် ဥမကွဲ၊သိုက်မပျက် ချစ်ကြည်ရင်းနှီး စွာဖြင့် အတူတကွ လက်တွဲနေထိုင်ခဲ့ကြပါသည်။

နယ်ချဲ့ အင်္ဂလိပ်အရင်းရှင်တို့သည် မြန်မာတစ်ပြည်လုံးကို မြန်မာသက္ကရာဇ် (၁၂၄၇)ခုနှစ်၊ နတ်တော်လဆုတ်(၁၁)ရက်၊ အင်္ဂလိပ်သက္ကရာဇ် (၁၈၈၆)ခုနှစ်၊ ဇန္နဝါရီလ (၁)ရက်နေ့တွင် အပြီးအ ပိုင် သိမ်းယူလိုက်ကြောင်း ကြေငြာခြင်းဖြင့် ကျွန်ုပ်တို့၏ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးသည် သူ့ကျွန်ဘဝသို့ ကျရောက်ခဲ့ရပြန်ပါသည်။

ထိုနယ်ချဲ့တို့နှင့် ဖက်ဆစ်ဂျပန်တို့၏ ဖိနှိပ်ချုပ်ချယ်အုပ်ချုပ်မှုများကို ခေတ်အဆက်ဆက်က တိုင်းရင်းသားခေါင်းဆောင်များ၊ တောင်သူလယ်သမားခေါင်းဆောင်များ၊ အလုပ်သမားခေါင်းဆောင် များ၊ ကျောင်းသားပြည်သူများနှင့် ဗမာ့တပ်မတော်တို့က တွန်းလှန်တိုက်ခိုက်၍ လည်းကောင်း၊ ဗိုလ်ချုပ် အောင်ဆန်းနှင့် အာဇာနည်ကြီးများ၏ အသက်ပေး၍ ရယူခဲ့၍လည်းကောင်း၊ အလုံးစုံသော လွတ်လပ်ရေးကို မြန်မာသက္ကရာဇ် (၁၃၀၉)ခုနှစ်၊ ပြာသိုလဆန်း(၉)ရက်နေ့၊ အင်္ဂလိပ် သက္ကရာဇ် ၁၉၄၈ခုနှစ်၊ဇန္နဝါရီလ(၄)ရက်နေ့၊ တနင်္ဂနွေနေ့ ၊ နံနက်(၄)နာရီ၊ မိနစ်(၂၀) အချိန်တွင် အချုပ်အခြာ အာဏာကို မိမိတို့ ကံကြမ္မာကို မိမိတို့ကိုယ်တိုင် ဖန်တီးနိုင်သည့် ကိုယ်ပိုင်းလုံးဝလွတ်လပ်သော တိုင်းပြည်နိုင်ငံအဖြစ်သို့ ရောက်ရှိပြီးဖြစ်ကြောင်း ကမ္ဘာသို့ ကြေငြာလိုက်ကြလေသည်။

ထိုသို့ကြေငြာပြီးနောက် ဝန်ကြီးချုပ်ဦးနုခေါင်းဆောင်သော ဖဆပလ အစိုးရအဖွဲ့သည် တိုင်းပြည်ကို ပါတီစုံစနစ်ဖြင့် ဦးဆောင်အုပ်ချုပ်ခဲ့ပါသည်။ ပြည်သူ့ရဲဘော်အချို့တောခိုမှု၊ ဗမာ ပြည်ကွန်မြူနစ်ပါတီ တောခိုမှု၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ ပုန်ကန်ထကြွမှုများ ဖြင့် လည်းကောင်း၊ အာဏာရပါတီဖြစ်သော ဖဆပလ အစိုးရမှာလည်း အချင်းချင်းစိတ်ဝမ်းကွဲပြီး နှစ်ခြမ်းကွဲမှုတို့ကြောင့် အင်္ဂလိပ်သက္ကရာဇ် (၁၉၅၈)ခုနှစ်၊ စက်တင်ဘာလ (၂၆)ရက်နေ့တွင် မြန်မာ တပ်မတော်အကြီးအကဲ ဗိုလ်ချုပ်ကြီး နေဝင်းထံသို့ အာဏာကို ခေတ္တလွှဲပြောင်း၍ နိုင်ငံတော်ကြီးကို ထိန်းသိမ်းစေခဲ့ရပါသည်။ ထိုသို့ ထိန်းသိမ်းဆောင်ရွက်ပြီး ၁၉၆၀ ပြည့်နှစ် ၊ဖေဖော်ဝါရီလ (၆)ရက် (စနေနေ့)တွင် ဗိုလ်ချုပ်ကြီးနေဝင်း၏ အိမ်စောင့်အစိုးရက ပြည်သူ့လွှတ်တော်အတွက် အထွေထွေရွေး ကောက်ပွဲ ကျင်းပပြုလုပ်ရာ သန့်ရှင်းဖဆပလတို့ အနိုင်ရရှိပြီး ဝန်ကြီးချုပ်ဦးနု ဦးဆောင်၍ ပြည်ထောင်စုအစိုးရအဖွဲ့ကို ဖွဲ့ဆည်းခဲ့ပြန်ပါသည်။ သို့သော်လည်း ပြည်တွင်းရေး မတည်ငြိမ်မှုများ၊ နိုင်ငံရေး

တိုင်းပြည်အခြေနေမှာ ယိမ်းယိုင်ခဲ့ရပါသည်။ ထို့ကြောင့် အင်္ဂလိပ်နယ်ချဲ့သမားများ၏ ဆယ်စုနှစ်ပေါင်းများစွာ ခြေဖဝါးအောင် ရောက်ခဲ့ပြီး မျိုးချစ်ခေါင်းဆောင်များနှင့် မျိုးချစ်ပြည်သူများ၏ အမျိုးသားရေးလွတ်မြောက်ရေးတိုက်ပွဲများ အကြိမ် ကြိမ် အခါခါ ဆင်နွှဲခဲ့ကြရကာ ရယူထားသော အချုပ်အခြာအာဏာပိုင် လွတ်လပ်ရေးကို ပြိုကွဲရမည့် အခြေအနေသို့ ဆိုက်ရောက်လာသဖြင့် လွတ်လပ်ရေးရပြီး (၁၄)နှစ် ကာလပါတီစုံစနစ်ဖြင့် ဖြတ်သန်းရသော အခြေအနေမှ ၁၉၆၂ ခု၊ မတ်လ (၂)ရက်နေ့ (သောကြာ)နေ့တွင် တပ်မတော်အစိုးရ၏ ထိန်းချုပ်မှုဖြင့် စစ်အစိုးရ၏ အုပ်ချုပ်မှုအတွင်းသို့ သက်ဆင်းခဲ့ရ ပြန်ပါသည်။ တပ်မတော်အစိုးရသည် တော်လှန်ရေးကောင်စီအသွင်ဖြင့် စစ်အုပ်ချုပ်ရေးကို အသက်သွင်းပြီး တိုင်းပြည်ကိုစတင် တာဝန်ယူခဲ့ပြီး ၁၉၇၄ က ပါတီစနစ်ကိုအခြေခံသော အခြေခံ ဥပဒေတစ်ရပ်ကို အသက်သွင်းပြဋ္ဌာန်းရန် မြန်မာဆိုရှယ်လစ် လမ်းစဉ်ပါတီကို တည်ထောင်ဖွဲ့စည်း၍ တိုင်းပြည်ကို တံခါးပိတ်စီးပွားရေး စနစ်ဖြင့် တည်ဆောက်အုပ်ချုပ်မှုသည် ပြည်သူတစ်ရပ်လုံး၏ အထွေထွေ အကြပ်အတည်း ပေါင်းစုံရင်ဆိုင်ရပြီး ၁၉၈၈ ခုနှစ်၊ မတ် လ (၁၂)ရက်နေ့ညပိုင်းတွင် စတင်ဖြစ်ပေါ်ခဲ့သော ကျောင်းသားနှင့်အရပ်သား စကားများရန်ဖြစ်မှုမှ ကျောင်းသားဆန္ဒပြမှုများ စတင်ကာ ပြည်လုံးကျွတ် အထွေထွေသပိတ်ကြီး၊ ရှစ်လေးလုံး အရေးတော်ပုံကြီးကို ရင်ဆိုင်ရပြီး ၁၉၈၈ ခုနှစ်၊ စက်တင်ဘာ လ (၁၈)ရက်နေ့တွင် တပ်မတော်က စစ်အာဏာဖြင့် ထိန်းသိမ်းခဲ့ရ ပြန်ပါသည်။ တပ်မတော် အစိုးရအနေဖြင့် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံအထွေထွေ ရွေးကောက်ပွဲကို သန့်ရှင်းပြီး တရားမျှတစွာ ကျင်းပပေးမည်ဟု ကတိပြု၍ ၁၉၉၀ ရွေးကောက်ပွဲ ကိုကျင်းပခဲ့ပါသည်။ သို့သော် ရွေးကောက်ပွဲတွင် အပြတ်အသတ် အနိုင်ရရှိသော NLD ပါတီကို အာဏာလွှဲပြောင်းပေးရေးနှင့် လွှတ်တော်များ ခေါ်ယူပေးရန် ဖွဲ့စည်းပုံအခြေခံ ဥပဒေတစ်ရပ် အဆင့်သင့်ရှိ မနေခဲ့ပေ။ သို့သော် အနိုင်ရပါတီနှင့် တပ်မတော်အစိုးရကြား၊ ကျောင်းသားများနှင့် တပ်မတော် အစိုးရကြား၊ မကြာခဏ ထိပ်တိုက်ရင်ဆိုင်မှုများ ဖြစ်ပွားခဲ့ရပြီး၊ ၁၉၉၃ခုနှစ်မှသာ အမျိုးသားညီလာခံ တစ်ရပ်ကို ဖွဲ့စည်းပုံအခြေခံ ဥပဒေရေးဆွဲရေးအတွက် ခေါ်ယူနိုင်ခဲ့ပေသည်။

ကျောင်းသားများနှင့် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ခေါင်းဆောင်များမှာ ထိန်းသိမ်းခံဘဝနှင့် သာ အချိန်ကုန်ခဲ့ပြီး တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ယုံကြည်မှုတည်ဆောက်နိုင်ခြင်းမျိုး မရှိခဲ့သလို၊ တိုင်းပြည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များတွင်လည်း ပူးပေါင်းဆောင်ရွက် နိုင်ခဲ့ခြင်း လုံးဝမရှိခဲ့သည့်အပြင် နိုင်ငံတကာ အသိုင်းအဝိုင်းမှာ တပ်မတော်ခေါင်းဆောင်များ အပေါ် နှင့် အစိုးရအပေါ် အာဏာရှင်အဖြစ် ရှုမြင်ခဲ့ပြီး အမေရိကန်အစိုးရအပါအဝင် အီးယူနိုင်ငံများက စီးပွားရေးပိတ်ဆို့မှုများကြောင့်၊ ပြည်သူများအနေဖြင့် လူမှုရေးဘဝ နိမ့်ကျမှုများ၊ အလုပ်လက်မဲ့ များ ပြားလာခြင်းတို့ကြောင့် ကျေးလက်နေ လူငယ်၊ လူရွယ်များ၊ ပညာတတ် လူငယ်များသည် တိုင်းတစ်ပါး သို့ သွားရောက်အလုပ်လုပ်ကိုင် ခဲ့ရပြီး နိုင်ငံတော်အတွက် အဖိုးတန်လူသား အရင်းမြစ် များ ထပ်မံဆုံးရှုံးခဲ့ရ ပြန်ပါသည် ။ တပ်မတော်အစိုးရသည်

ကျင်းပနိုင်ခဲ့ပြီး လွှတ်တော်အရပ်ရပ် ဖြင့် အစိုးရတစ်ရပ် ဖွဲ့စည်းနိုင်ကာ နိုင်ငံသစ်တစ်ခု တည်ဆောက်ရေးကို လွှဲပြောင်းပေးခဲ့ပါသည်။

အစိုးရတစ်ရပ်ကို ဦးဆောင်ဖွဲ့စည်းနိုင်ခဲ့သော အစိုးရအဖွဲ့သည် အမြင်ချင်းမတူညီနိုင်သေး သည့် အတိုက်ခံခေါင်းဆောင်များကို စားပွဲဝိုင်း ယဉ်ကျေးမှုတစ်ရပ်ဆီသို့ ဆွဲခေါ်၍ နိုင်ငံတော်သစ် တည်ထောင်ရေးတွင် အတူတကွ ပူးပေါင်းဆောင်ရွက်ရန် လမ်းသစ်ဖွင့်ပေးပြီး ၂၀၁၂ ကြားဖြတ်ရွေး ကောက်ပွဲတွင် ပူးပေါင်းပါဝင်လာရန် ဆောင်ရွက်နိုင်မှုသည် ပြည်ထောင်စုအတွင်း နေထိုင်ကြသော နိုင်ငံသားအတွက် များစွာသော အကျိုးကျေးဇူးကို ရရှိစေသည်။ ထို့ပြင်နှစ်ပေါင်းများစွာ တော်လှန် တိုက်ခိုက်နေကြသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့်လည်း အပစ်အခတ် ရပ်စဲ ရေး ဆွေးနွေးပွဲများ ပြုလုပ်၍ အလုံးစုံ ငြိမ်းချမ်းရေး၊ ထာဝရငြိမ်းချမ်းရေး လမ်းစများ တွေ့မြင့်ရပြီ ဖြစ်၍ ကျွန်ုပ်တို့အနေဖြင့် ပါတီစုံဒီမိုကရေစီအားလုံး စနစ်တည်တံ့ရေး၊ ပြည်ထောင်စုကြီး တည်တံ့ ရေး၊ တိုင်းရင်းသားလူမျိုးစုအားလုံး ချစ်ခင်ရင်းနှီးစွာ အတူတကွ ယှဉ်တွဲနေထိုင်ရေးနှင့် တိုင်းပြည်ဖွံ့ ဖြိုးတိုးတက်ရေးတွင် အားလုံးနှင့်လက်တွဲ၍ နိုင်ငံအကျိုး၊ ပြည်သူအကျိုး၊ ရပ်ရွာအကျိုးအတွက် ၈၈ မျိုးဆက် ဒီမိုကရေစီပါတီကို တည်ထောင်ရခြင်း ဖြစ်ပါသည်။

**အခန်း(၁)**

**ပါတီအမည်**

၁။ ၈၈ မျိုးဆက်ဒီမိုကရေစီပါတီဟု ခေါ်တွင်စေရမည်။

**အခန်း (၂)**

**ပါတီအလံ**



ရဲရင့်ခြင်းကို အဓိပ္ပါယ်ဆောင်သည့် အနီရောင်ကို နောက်ခံထား၍ အလယ်တွင်ကျောင်းသား၊ အလုပ်သမား၊ လယ်သမား၊ ရဟန်းရှင်လူ ပြည်သူများကို ကိုယ်စားလှယ်ပြုသည့် ခွပ်ဒေါင်းအဝါ ရောင်ကို တိုင်းနှင့်ပြည်နယ် (၁၄)ခုကိုယ်စားပြုသော အဖြူရောင်ကြယ်(၁၄) လုံးကို တြိဂံပုံစံဖြင့်ဝိုင်းရံစေပါသည်။

## အခန်း (၃)

## ပါတီအထိမ်းအမှတ်တံဆိပ်




၈၈ မျိုးဆက်ဒီမိုကရေစီပါတီအလံနှင့် ထပ်တူဖြစ်ပါသည်။

## အခန်း (၄)

## ပါတီဖွဲ့စည်းရခြင်း ရည်ရွယ်ချက်များ

၁။ ပြည်သူလူထုနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် အားလုံးနှင့်အတူ လက်တွဲပူးပေါင်း ပါဝင်နိုင်ရေး ။

၂။ ပါတီစုံစနစ် တည်တံ့ခိုင်မာရေးနှင့် အချုပ်အခြာအာဏာသည် ပြည်သူထံမှ ဆင်းသက်ရေး။

၃။ ပြည်သူ့ကိုယ်စားလှယ်များသည် လူတစ်ဦးတစ်ယောက်၊ ထင်ပေါ်ကျော်ကြားမှုကြောင့်၊လွှတ်တော်ကိုယ်စားလှယ် ဖြစ်ပေါ်နေခြင်းသည် လွှတ်တော်၏ပုံရိပ် ကျဆင်းစေခြင်းနှင့် နိုင်ငံ၏ပုံရိပ်ကျဆင်းစေခြင်းမျိုးကို ရှောင်ကွင်းလိုပြီး အမှန်တကယ် ဥပဒေများ၊ အတတ်ပညာများ၊ ပြည်သူ့လိုအပ်ချက်များကို တင်ပြနိုင်သော အရည်အချင်းပြည့် လွှတ်တော်ကိုယ်စားလှယ်များ ပေါ်ပေါက်ရေး။

၄။ နိုင်ငံအတွက်၊ လူမျိုးအတွက် ရည်ရွယ်ချက်တူပါတီများ စုပေါင်း၍ အမျိုးသားနိုင်ငံရေး နှင့် ပြည်သူများအကျိုးအတွက် တပ်ပေါင်းစုကြီးတစ်ရပ် ပေါ်ထွန်းလာရေး။

၆။ လက်နက်ကိုင် ပဋိပက္ခ အမြစ်ပြတ် ချုပ်ငြိမ်းရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး။

၇။ ပြည်ထောင်စု မပြိုကွဲရေး ၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေး။

၈။ နိုင်ငံသားအားလုံးသည် လူမျိုးဘာသာ မခွဲခြား၊ ကျား/မ မခွဲခြား၊ နိုင်ငံတစ်ခု ဖွံ့ဖြိုးသာယာလှပရေးအတွက် ပြည်ထောင်စုစိတ်ဓါတ် ၊ အမျိုးသားရေးစိတ်ဓါတ်၊ ဒီမိုကရေစီ စိတ်ဓါတ်တို့ဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး။

## အခန်း (၅)

## ပါတီ၏ မူဝါဒများ

၁။ ပါတီသည် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ ကျေးဇူးသစ္စာကို အမြဲစောင့်သိ ရှိသေပြီး နိုင်ငံ တော်အာဏာသည် အမြဲတမ်း နိုင်ငံသားများထံမှ ဆင်းသက်စေရမည်။

၂။ ပါတီသည် ပါတီစုံ ဒီမိုကရေစီ ကိုကျင့်သုံးမည်။

၃။ ပါတီသည် နိုင်ငံတော်၏အကျိုးစီးပွားကို မြှင့်တင်ဖော်ဆောင်ခြင်း၊ ကာကွယ်ထိန်းသိမ်းခြင်း တို့ကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် မှတ်ယူမည်။

၄။ ပါတီသည် နိုင်ငံသူ၊ နိုင်ငံသားတို့အပေါ် အပြန်အလှန် ယုံကြည်မှု၊ လေးစားမှု၊ အသိအမှတ် ပြုမှု ၊ ရိုးသားမှု ၊ တန်းတူညီမျှမှု ၊ သဘောထားကြီးမှု၊ သစ္စာရှိမှု၊ အထွေထွေနားလည် သဟဇာတ ဖြစ်မှုတို့ကို ဦးတည်သည်။

၅။ (က) နိုင်ငံတော်အား လက်နက်စွဲကိုင်တော်လှန်ခြင်းနှင့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်ခြင်း။

(ခ ) နိုင်ငံတော်က မတရားသဖြင့်ကြော်ငြာခံထားရသော အဖွဲ့အစည်းများနှင့်တိုက် ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဆက်သွယ်ခြင်း၊ အားပေးကူညီခြင်း။

(ဂ ) နိုင်ငံခြား တိုင်းပြည်တစ်ခုခုမှာ အစိုးရ (သို့မဟုတ်) ဘာသာရေးအဖွဲ့အစည်း၊ (သို့) အခြားအဖွဲ့အစည်း တစ်ခုခု(သို့) လူပုဂ္ဂိုလ်တစ်ဦးဦး၏ထံမှာ ငွေကြေးပစ္စည်းနှင့် အခြားအထောက်အပံ့တို့ကိုတိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရယူသုံးစွဲခြင်း နှင့်

(ဃ) ဘာသာရေးကို နိုင်ငံရေးအတွက် အလွဲသုံးစားပြုခြင်းတို့ကို လုံးဝရှောင်ကြဉ်မည်။

၆။ နိုင်ငံတော်ကို အဂတိလိုက်စားမှု ကင်းစင်သည့် နိုင်ငံတော်အနေဖြင့် စနစ်တကျ ကျိုးပမ်းဆောင်ရွက်မည်။

## အခန်း (၆)

## ပါတီ၏ လုပ်ငန်းစဉ်များ

၁။ **ပညာရေး**

ပါတီသည် ဘက်စုံအတွေးအခေါ် အယူအဆ မှန်ကန်ပြီး အကျင့်စာရိတ္တကောင်းမွန်ပြီး နိုင်ငံတော် တည်ဆောက်ရေးအတွက် အကျိုးဖြစ်စေမည်။

(က) စာမတတ်သူ ကင်းစင်ရေး ။

(ခ ) မသင်မနေရအခမဲ့မူလတန်းအဆင့်မှာ အလယ်တန်း၊ အထက်တန်း ပညာရေးစနစ် ကိုဖော်ဆောင်ရေး။

(ဂ) အသက်မွေးဝမ်းကျောင်း ပညာရေး။

(ဃ) ဘုန်းတော်ကြီးသင် ပညာရေး။

(င) ကျောင်းသားတိုင်း စိတ်ကြိုက်ဘာသာ ရွေးချယ်သင်ကြားနိုင်သော ပညာရေး။

(စ) ပညာသင်ထောက်ပံ့ကြေးနှင့် သုတေသန ရန်ပုံငွေစနစ် ထူထောင်ရေး။

(ဆ) လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၏ငွေမှာ ထိုက်သင့်သည့် ငွေပင် ငွေရင်းများ ထည့်ဝင်အားပေးမြင့်တင် ဆောင်ရွက်မည်။

၂။ **ကျန်းမာရေး**

ပါတီသည် တစ်မျိုးသားလုံး၏ ကျန်းမာကြံ့ခိုင်ပျော်ရွှင်ရေးကို ဦးတည်၍

(က) အခမဲ့ကျန်မာရေးစောင့်ရှောက်မှု

(ခ) ပုဂ္ဂလိက ကျန်မာရေးဝန်ဆောင်မှု

(ဂ) ကျန်းမာရေး စောင့်ရှောက်မှု ရန်ပုံငွေထူထောင်ခြင်း

(ဃ) ကျန်းမာရေး စောင့်ရှောက်မှု အာမခံထားရှိမှု လုပ်ငန်းများကို ဆောင်ရွက်မည်။

၃။ **စီးပွားရေး**

(က) ပါတီသည် နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဈေးကွက်စီးပွားရေးစနစ်နှင့်လိုက် လျော ညီထွေဖြစ်စေရန်၊ နိုင်ငံတော်ပိုင် ၊ သမဝါယမပိုင် ၊ အများပိုင်၊ပုဂ္ဂလိကပိုင်၊ ဖက်စပ်နှင့် ရင်းနှီးမြုပ်နှံမှုပိုင်ဟု စီးပွားရေး လုပ်ငန်းအဖွဲ့အစည်းများကို လွတ်လပ် စွာ အပြိုင်အဆိုင် လုပ်ကိုင်ခွင့် ရရှိစေရန် ဆောင်ရွက်မည်။

(ခ) ပါတီသည် အထူးစီးပွားရေးရုံးများထူထောင်ပြီး ပြည်ပအတတ်ပညာနှင့်အရင်းအနှီး များကို ဖိတ်ခေါ်ဆွဲဆောင်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုရှိစေရန် ဆောင်ရွက်မည်။

၄။ **လူမှုရေး**

ပါတီသည်

(က) ရှိရင်းစွဲ အမျိုးသားရေးစရိုက်လက္ခဏာများကို ထိန်းသိမ်းစောင့်ရှောက်ပြီးသော နရက္ခိတ တရားများ ပိုမိုထွန်းကား ပြန့်ပွားရေး

(ခ) အမျိုးဘာသာစာပေ ၊ ဂီတအနုပညာနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို မပျောက်ပျက်အောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးတို့ကို ဆောင်ရွက်မည်။

၅။ **ကိုးကွယ်ယုံကြည်မှု**

ပါတီသည် -

(၁) ဗုဒ္ဓဘာသာသည် မြန်မာနိုင်ငံ၏ နိုင်ငံသားအများစု ကိုးကွယ်ယုံကြည်သော ဂုဏ်ထူး ဝိသေသ လက္ခဏာရှိသည့် ဘာသာရေးဖြစ်သည်ဟု တန်ဖိုးထား အသိမှတ်ပြုသည်။

(၂) မည်သည့်နိုင်ငံမဆို ၊ မည်သည့်လူမျိုးမဆို၊ လွတ်လပ်စွာကိုးကွယ် ယုံကြည်မှုနှင့် ဘာသာရေးအသင်း အဖွဲ့အစည်းများကို လွတ်လပ်စွာ ဖွဲ့စည်းတည်ထောင်ခွင့်တို့ကို အားပေးသည်။

၆။ **တောင်သူလယ်သမားအရေး**

(က) ပါတီသည် တောင်သူလယ်သမားများ၏ အခွင့်အရေးနှင့် ရပိုင်ခွင့်အကျိုးစီးပွား များကို မြှင့်တင့်စောင့်ရှောက် ကာကွယ်ခြင်းတို့ကို ဆောင်ရွက်မည်။

(ခ) လယ်လုပ်သူ လယ်ပိုင်ခွင့် ရှိစေရမည်။

(ဂ) ပြည်ပဈေးကွက် ရရှိစေရေးနှင့် လိုအပ်သော အရင်းအနှီးများ ၊ စရိတ်စကများ၊ နည်းပညာနှင့် ကုန်ကြမ်းများ ပံ့ပိုးရရှိစေရေးနှင့် ချေးငွေပံ့ပိုးမှု ရရှိစေရေး ။

(ဃ) ဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီသော သီးနှံအမျိုးအစားများကို စိုက်ပျိုးနိုင်ရေး အတွက် သတင်းအရင်းအမြစ်များ စုဆောင်း ဆက်သွယ်ပေးခြင်း။

(င) တောင်သူလယ်သမားများ၏ အခွင့်အရေးများ မဆုံးရှုံးစေရန် တောင်သူလယ်သမား အဖွဲ့အစည်း၊ တောင်သူလယ်သမား သမဂ္ဂများ ဖွဲ့စည်းဆောင်ရွက် နိုင်ရန်နှင့် တောင်သူလယ်သမားအဖွဲ့အစည်းသမဂ္ဂများ ကိုတောင်သူလယ် သမားစစ်စစ်များ ကိုယ်တိုင် ဦးဆောင် နိုင်ပြီး နိုင်ငံတကာ ခေတ်မီ နည်းပညာများ၊ စီမံခန့်ခွဲမှုများ ကိုယ်တိုင် လေ့လာရန်။ အိမ်တွင်းစက်မှု၊ လက်မှုလုပ်ငန်းများ၊ စီးပွားရေး လုပ်ငန်းများ၊ ကုမ္ပဏီများ ထူထောင်လုပ် ကိုင်နိုင်ရေးတို့ကို ကြိုးပမ်း ဆောင် ရွက်မည်။

၇။ **အလုပ်သမား**

(၁) ပါတီသည် အလုပ်သများ၏ လုပ်ပိုင်ခွင့်နှင့် အလုပ်သမားများ၏ နစ်နာမှုများကို ကာကွယ်စောင့်ရှောက်ပေးမည်။နိုင်ငံတကာစံနှုန်းသတ်မှတ်ချက်များအတိုင်း အလုပ်ချိန်နှင့် အချိန်ပို လုပ် အားခလစာစံနှုန်းများအတိုင်း ရရှိရေး ၊ လုပ်ငန်းခွင် သာယာရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေး၊ လုပ်ငန်းခွင် မတော်တဆ ထိခိုက်မှုများနှင့် ပတ်သက် ၍ ထိုက်သင့်မျှတသည့် နစ်နာကြေးနှင့် လျော်ကြေးခံစားခွင့်ရရှိရေး၊အိုနာစာရံပုံငွေများ တည်ထောင် ထား ရှိရေးတို့ကို ကြိုးပမ်းဆောင်ရွက်မည်။

(၂) ပါတီသည် လုပ်အားစေခိုင်းခြင်းနှင့် ပတ်သက်ပြီး

(က) အရွယ်မရောက်သေးသည့် ကလေးငယ်များအား လုပ်ကိုင်ဆောင်ရွက် စေခြင်းမျိုး

(ခ ) အခကြေးငွေ မပေးဘဲ အလုပ်စေခိုင်းခြင်း။

(ဂ ) အခငွေနှင့် မထိုက်တန်သော အလုပ်ကို စေခိုင်းခံရခြင်း။

(ဃ) တာဝန်နှင့် မသက်ဆိုင်သောအလုပ်ကို ခိုင်းစေခံရခြင်းနှင့်

( င) လုပ်အားနှင့် ထိုက်တန်မှု မရှိသော အခကြေးငွေဖြင့် ခိုင်းစေခံရခြင်း။

(စ) စိတ်ဆန္ဒ မပါသော အလုပ်အကိုင်၊ အတင်းအကြပ် ခိုင်းစေခံရခြင်းများ ကို မဖြစ်ပေါ်စေရန် အလေးထား ဆောင်ရွက်မည်။

(၃) ပါတီသည် အလုပ်သမားများ၏ -

(က) လူမှုရေး ၊ ပညာရေး ၊ ကျန်းမာရေး သက်သာချောင်ချိစေရန် ၊ လူမှုဖုံလုံရေးစနစ် ထူထောင်ကျင့်သုံးရေးနှင့်

(ခ ) လုပ်ငန်း နယ်ပယ်အလိုက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်းဖြင့် အလုပ်လက်မဲ့ ပြဿနာများ ဖြေရှင်းနိုင်ရေးတို့ကို ကြိုးပမ်းဆောင် ရွက်မည်။

(၄) ပါတီသည် အလုပ်သမားများ၏ အခွင့်အရေးများ၊ ဘဝဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရန် အလုပ်သမား အစည်းအရုံး(သို့) သမဂ္ဂများဖွဲ့စည်းတည်ဆောက်နိုင်ရေးနှင့် အလုပ်သမားများကိုယ်တိုင် ထိုအလုပ်သမား အစည်းအရုံး၊ သမဂ္ဂများကို ဦးဆောင်နိုင်ရေးနှင့် ပြည်ပနိုင်ငံများသို့ သွားရောက်၍ လုပ်ငန်းနှင့်ဆိုင်သော ခေတ်မီနည်းပညာများကို လေ့လာနိုင်ပြီး အလုပ်သမားများကိုယ်တိုင် ပူးပေါင်းပါဝင်သည့် စက်မှု၊ လက်မှုလုပ်ငန်းများ၊ စီးပွားရေး လုပ်ငန်းများ ၊ကုမ္ပဏီများ

ထူထောင် လုပ်ကိုင်နိုင်ရေးနှင့် အလုပ်သမားများ၏ အလုပ်ပိတ်ရက်များနှင့်အကျိုး ခံစားခွင့်များသည် အစိုးရအလုပ်သမားများ၏ အကျိုးခံစားခွင့် အတိုင်းဖြစ် စေရ မည်။

## အခန်း (၇)

## နိုင်ငံခြားရေး

ပါတီသည် နိုင်ငံတကာနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးနှင့် လွတ်လပ်တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေး မူဝါဒကို လက်ခံကျင့်သုံးပြီး နိုင်ငံအတွင်းတွင် မည်သည့်နိုင်ငံခြားတပ်ဖွဲ့ ကိုမျှ တပ်ချခွင့် မပြုရေးတို့ကို ဆောင်ရွက်မည်။

## အခန်း (၈)

## ကာကွယ်ရေး

ပါတီသည် နိုင်ငံတော်အတွင်း တစ်ခုတည်းသော တပ်မတော် တစ်ခုတည်းသော လက်နက်ကိုင် အဖွဲ့အစည်းသာ ရှိရမည်ဟူသော မူဝါဒကိုလက်ခံကျင့်သုံးပြီး ပြင်ပကျူးကျော်စစ်ကို ကာကွယ်ရန်အတွက် လည်းကောင်း၊ ပြည်တွင်း ထကြွပုန်ကန်မှုကို ထိန်းသိမ်းရန်အတွက် အသက် (၁၈)နှစ် ပြည့်ပြီးသူတိုင်း (၂)နှစ်စစ်မှု မထမ်းမနေရ ဥပဒေပေါ်ထွန်းလာရေးနှင့် တပ်မတော်၏ ပုံရိပ် ကောင်းများ ဖြစ်ပေါ်ထွန်းလာနိုင်ရေးအတွက် အားပေးဆောင်ရွက်မည်။

## အခန်း (၉)

## ပါတီဝင်အဖြစ် လက်ခံခြင်း၊ ပါတီဝင်အဖြစ်မှ ရပ်စဲခြင်း၊

ပါတီဝင်ဖြစ်ခြင်းဆိုင်ရာ သတ်မှတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) အသက် (၁၈)နှစ် ပြည့်ပြီးသူ ဖြစ်ရမည်။

(ခ) နိုင်ငံသား သက်သေခံ လက်မှတ်ကိုင်ဆောင်ထားသူ ၊ နိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားသူ။

(ဂ) ပုဂ္ဂိုလ်စွဲ၊ ဆန္ဒစွဲ၊ ဂိုဏ်းဂဏစွဲ ၊ ဝါဒစွဲ ကင်းသူဖြစ်ရမည်။

(ဃ) သာသနာ့ ဝန်ထမ်းမဟုတ်ရ ။

(င) စိတ်ပေါ့ပျက်၊ ရူးသွတ်သူ မဖြစ်စေရ ။

(စ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပါ ပြစ်မှုတစ်ရပ် ရပ်နှင့် ညှိစွန်းသော အလုပ်ကို လုပ်ကိုင်နေသူ မဖြစ်ရ ။

(ဆ) ပါတီ၏ စည်းမျဉ်း၊ စည်းကမ်းနှင့် အခါအားလျော်စွာ ထုတ်ပြန်သော ညွှန်ကြားချက်များ၊ တာဝန်များကို

(ဇ ) ပါတီဝင်ကြေး ၊ပါတီလစဉ်ကြေးများကို သတ်မှတ်သည့်ကာလအတွင်း ပေးယူနိုင်သူဖြစ်ရမည်။

(ဈ ) ပါတီဝင်ဖြစ်ခြင်းဆိုင်ရာ သတ်မှတ်ချက်များနှင့် ကိုက်ညီသူများကို လျှောက်လွှာပုံစံ ဖြင့် လျှောက်ထားပါက ပါတီဝင်အဖြစ် စနစ်တကျ လက်ခံဆောင်ရွက်ရန် ။

(ည) ပါတီဝင်တစ်ဦးသည် အကြောင်းတစ်ရပ်ရပ်ကြောင့် ပါတီဝင်အဖြစ်မှ နုတ်ထွက်လိုလျှင်သော် လည်းကောင်း၊ ပါတီတာဝန်မှ လုပ်ထွက်လိုလျှင် သော်လည်းကောင်း၊ သက်ဆိုင်ရာ အုပ်ချုပ်ရေး ကော်မတီနှင့် ဌာနများသို့ နုတ်ထွက်လွှာ တင်သွင်းပြီး ဆန္ဒအလျောက် နုတ်ထွက်ခွင့်ရှိသည်။

(ဋ ) ပါတီသည် ပါတီဝင်အဖြစ်မှ လည်းကောင်း၊ ပါတီတာဝန်မှလည်းကောင်း၊ ရပ်စဲရန် အကြောင်းဖြစ်ပေါ်လာပါက -

(၁) ပါတီဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုခြင်း ။

(၂) ပါတီတာဝန်မှ နုတ်ထွက်ခွင့်ပြုခြင်း။

(၃) ပါတီဝင်အဖြစ်မှ ထုတ်ပယ်ခြင်း။

(၄) ပါတီတာဝန်မှ ထုတ်ပယ်ခြင်း ဟူသော နည်းလမ်းများကျင့်သုံး၍ သတ်မှတ်ထား သော စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်မည်။

## အခန်း (၁၀ )

## ခေါင်းဆောင်မှု အပိုင်း

၁။ ပါတီခေါင်းဆောင်၊ ဒုတိယခေါင်းဆောင်၊ တတိယ ခေါင်းဆောင် (၃)ဦးတို့ကို ပါတီတည် ထောင်သူများ စုံညီအစည်းအဝေးမှ ရွေးကောက်တင်မြှောက်၍ တာဝန်ပေးအပ်သည်။

၂။ ပါတီခေါင်းဆောင်သည် ပါတီဥက္ကဋ္ဌဖြစ်ပြီး၊ ဒုတိယခေါင်းဆောင်သည် ပါတီဒုတိယ ဥက္ကဋ္ဌ ဖြစ်ပြီး ၊ တတိယ ခေါင်းဆောင်သည် ပါတီ၏ အထွေထွေ အတွင်းရေးမှူး ဖြစ်သည်။

၃။ ပါတီ ဥက္ကဋ္ဌ သည်ပါတီ ဗဟိုအလုပ်အမှုဆောင် ကော်မတီဥက္ကဋ္ဌ တာဝန်နှင့် ပါတီဗဟို ကော်မတီ ဥက္ကဋ္ဌ တာဝန်ကိုပါ ဆောင်ရွက်သည်။

၄။ ပါတီဥက္ကဋ္ဌ သည် ပါတီဗဟိုအလုပ်မှုဆောင် ကော်မတီ ဒုတိယဥက္ကဋ္ဌ တာဝန်နှင့်ပါတီ ဗဟို ကော်မတီ ဒုဥက္ကဋ္ဌ တာဝန်ကိုပါ ဆောင်ရွက်သည်။

၅။ ပါတီ အထွေထွေ အတွင်းရေးမှူးသည် ပါတီ၏ပုံမှန်လုပ်ငန်းကိစ္စများကို အကောင် အထည်ဖော် ဆောင်ရွက်ရာတွင် တာဝန်ခံဖြစ်သည်။

အထည် ဖော် ဆောင်ရွက်ရာတွင် ဒုတိယတာဝန်ခံဖြစ်သည်။

၇။ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များသည် ဗဟိုဌာနများတွင် တာဝန်ခံများအဖြစ်လည်းကောင်း နယ်မြေများတွင် သတ်မှတ်ထားသည့် တိုင်းပြည်နယ်တာဝန်ခံများ အဖြစ်လည်းကောင်း တာဝန်ယူဆောင်ရွက်သည်။

၈။ ဗဟိုကော်မတီဝင်များသည် ဗဟိုရေးရာကော်မတီဝင်များတွင် တာဝန်ခံများ အဖြစ်လည်းကောင်း သတ်မှတ်ထားသည့် ဒေသခရိုင်မြို့နယ်တာဝန်ခံများအဖြစ် လည်းကောင်း တာဝန်ယူဆောင်ရွက်သည်။

၉။ ခရိုင်အလုပ်အမှုဆောင်ကော်မတီဝင်များသည်ခရိုင်ရေးရာကော်မတီများတွင် တာဝန်ခ အဖြစ်လည်းကောင်း သတ်မှတ်ထားသည့် နယ်မြေ (ရဲစခန်းတပိုင်ဧရိယာ) တာဝန်ခံများအဖြစ် လည်းကောင်း တာဝန်ယူဆောင်ရွက်သည်။

၁၀။ မြို့နယ်အလုပ်အမှုဆောင်ကော်မတီဝင်များသည် မြို့နယ်ရေးရာကော်မတီများတွင် တာဝန် ခံများ အဖြစ်လည်းကောင်း သတ်မှတ်ထားသည့်နယ်မြေ (ရပ်ကွက် (သို့) ကျေးရွာအုပ်စု) တာဝန်ခံ များအဖြစ်လည်းကောင်း တာဝန်ယူဆောင်ရွက်သည်။

၁၁။ ရပ်ကွက်(သို့)ကျေးရွာအုပ်စု အလုပ်အမှုဆောင်ကော်မတီဝင်များသည် ရပ်ကွက် (သို့)ကျေးရွာအုပ်စု ရေးရာကော်မတီများတွင် တာဝန်ခံများအဖြစ်လည်းကောင်း သတ်မှတ် ထားသည့် နယ်မြေ (အပိုင်လမ်း၊ ကျေးရွာ )တာဝန်ခံများအဖြစ်လည်းကောင်း၊ တာဝန်ယူ ဆောင်ရွက်သည်။

## အခန်း(၁၁)

## ဗဟိုအလုပ်အမှုဆောင်အဖွဲ့

ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့ကို

၁။ ဥက္ကဋ္ဌ

၂။ ဒုဥက္ကဋ္ဌ

၃။ အထွေထွေအတွင်းရေးမှူး

၄။ တွဲဖက်အထွေထွေအတွင်းရေးမှူး

၅။ စည်းရုံးရေး

၆။ လူထုဆက်ဆံရေး

၇။ သတင်းနှင့်ပြန့်ကြားရေး

၈။ စည်းကမ်းထိန်းသိမ်းရေး

၉။ ဘဏ္ဍာရေး

၁၁။ ရုံးအဖွဲ့မှူး

၁၂။ နိုင်ငံတကာဆက်ဆံရေး - တို့ဖြင့် လိုအပ်သလိုဖွဲ့စည်းဆောင်ရွက်သည်။

## အခန်း(၁၂)

## ဗဟိုကော်မတီ

ပါတီဗဟိုကော်မတီကို -

၁။ ဥက္ကဌ

၂။ ဒုဥက္ကဌ

၃။ အထွေထွေအတွင်းရေးမှူး

၄။ တွဲဖက်အထွေထွေအတွင်းရေးမှူး

၅။ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ

၆။ ပြည်နယ်တိုင်းတာဝန်ခံများ

၇။ ဘဏ္ဍာရေးတာဝန်ခံ(၁)

၈။ ဘဏ္ဍာရေးတာဝန်ခံ (၂)

၉။ စာရင်းစစ်တာဝန်ခံ (၁)

၁၀။ စာရင်းစစ်တာဝန်ခံ (၂)

၁၁။ ရုံးအဖွဲ့မှူး

၁၂။ အတွင်းရေးမှူး (၁)

၁၃။ အတွင်းရေးမှူး (၂)

၁၄။ အတွင်းရေးမှူး (၃)

၁၅။ ပါတီတွင်း ဌာနကြီးမှူး - များဖြင့် လိုအပ်သလိုဖွဲ့စည်းဆောင်ရွက်သည်။

## အခန်း(၁၃)

## ပါတီစည်းကမ်းထိန်းသိမ်းရေးနှင့် ပါတီလုပ်ငန်းစစ်ဆေးရေး

၁။ ပါတီသည်ချမှတ်ထားသောမူဝါဒလုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်နေ သည့် အဆင့်ဆင့်သောပါတီ၏ တာဝန်ရှိသူများ လိုက်နာရန်သတ်မှတ်ပေးထားသော စည်းမျဉ်း စည်းကမ်း လုပ်ထုံးလုပ်နည်းများကို တိကျစွာလိုက်နာဆောင်ရွက်ရေးကို ကြပ်မတ်ကွပ်ကဲရန်

(က) ဗဟိုစည်းကမ်းထိန်းသိမ်းရေး ကော်မတီ

(ဂ) မြို့နယ်စည်းကမ်းထိန်းသိမ်းရေးကော်မတီ

(ဃ) ရပ်ကွက်ကျေးရွာစည်းကမ်းထိန်းသိမ်းရေး ကော်မတီတို့ကို ကော်မတီ၏အရေအတွက် အနည်းဆုံး (၃)ဦးဖြင့် အဆင့်ဆင့်ဖွဲ့စည်းဆောင်ရွက်ရမည်။

၂။ ပါတီမူဝါဒလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အဆင့်ဆင့်သော ကော်မတီများသည် စာရင်းဇယားများ ၊ ငွေစာရင်း၊ ပါတီဝင်အင်အားစာရင်းများကို စနစ်တကျပြုစုထားရှိရမည်ဖြစ်ပြီး ၎င်းတို့၏လုပ်ဆောင်မှုများကို လိုအပ်သလိုစစ်ဆေးကြတ်မတ်ပေးရန်

(က) ဗဟိုလုပ်ငန်းစစ်ကော်မတီ

(ခ) တိုင်းပြည်နယ်လုပ်ငန်းစစ်ဆေးရေးကော်မတီ

(ဂ) မြို့နယ်လုပ်ငန်းစစ်ဆေးရေးကော်မတီ

(ဃ) ရပ်ကွက်ကျေးရွာလုပ်ငန်းစစ်ဆေးရေးကော်မတီတို့ကိုကော်မတီ၏အရေအတွက် အနည်းဆုံး (၃)ဦးပါဝင်သောပါတီလုပ်ငန်းစစ်ဆေးရေးကော်မတီများကို အဆင့်ဆင့်ဖွဲ့စည်း ဆောင်ရွက်ရမည်။

## အခန်း(၁၄)

## စည်းမျဉ်းစည်းကမ်းလုပ်ထုံးလုပ်နည်းများကိုသတ်မှတ်ခြင်း

ဗဟိုအလုပ်အမှုဆောင်အဖွဲ့သည် ပါတီ၏ ရွေးကောက်ပွဲများဆိုင်ရာ လမ်းညွှန်ချက်များနှင့် ပါတီ၏ စည်းကမ်း ၊ လုပ်ထုံး လုပ်နည်း မျာကိုလိုအပ်သလိုသတ်မှတ်ပေးရမည်။

## အခန်း(၁၅)

## ပါတီရန်ပုံငွေ

ပါတီတည်ထောင်ရန်အတွက် ကနဦး ဦးဆောင်တည်ထောင်သူများ၏ အချိုးကျ ထည့်ဝင်ငွေများဖြင့် တည်ထောင်သည်။

၁။ ပါတီသည် ရေရှည်ရပ်တည်နိုင်ရန်နှင့် ပါတီလုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ရေးအတွက် လိုအပ်သော ရန်ပုံငွေများ ရရှိရန်။

(က) ပါတီဝင်ကြေး

(ခ ) ပါတီလစဉ်ကြေး

(ဂ ) ပါတီဝင်များနှင့် အများပြည်သူလှူဒါန်းငွေ

(ဃ) ပါတီရန်ပုံငွေစီးပွားရေးလုပ်ငန်းမှ ရရှိငွေဟူသော ခေါင်းစဉ်(၄)ခုဖြင့် စနစ်တကျ ထားရှိရမည်။

၂။ ပါတီလုပ်ငန်းများ ပုံမှန်လည်ပတ်ရေးအတွက် ကျခံသုံးစွဲသော ရန်ပုံငွေသုံးစွဲခြင်းဆိုင်ရာ လုပ်ငန်းများကို ကြီးကြပ်ကွတ်ကဲရန်

(က) ဗဟိုငွေစာရင်းကော်မတီ

(ခ) တိုင်းပြည်နယ် ငွေစာရင်းကော်မတီ

(ဂ) ခရိုင်ငွေစာရင်းကော်မတီ

(ဃ) မြို့နယ်ငွေစာရင်းကော်မတီ

(င) ရပ်ကွက်၊ကျေးရွာငွေစာရင်းကော်မတီတို့ကို ကော်မတီ၏ အရေအတွက်အနည်းဆုံး (၃)ဦးပါဝင်သော ကော်မတီငွေစာရင်း ကော်မတီများကို စနစ်တကျ အဆင့်ဆင့် ဖွဲ့စည်းဆောင်ရွက် ရမည်။

၃။ ပါတီရံပုံငွေ တိုးတက်ရရှိရေးအတွက် ပါတီရံပုံငွေ စီးပွားရေးလုပ်ငန်းများထူထောင်ဆောင် ရွက်နိုင်ရန် ပါတီရံပုံငွေ စီးပွားရေး ကော်မတီများကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့က လိုအပ်သလို ဖွဲ့စည်းဆောင်ရွက်ရမည်။